# Minutes of Myanmar Language Information Management Network Meeting

*24th November 2021, 2PM MMT, online via Zoom*

## Agenda

1. Impact of the twin crises on human welfare in Myanmar – *Presented by UNDP*
2. Rapid assessment of COVID-19 impact on gender-based violence essential services package provision in Myanmar – *Presented by UNFPA*
3. အစုအဖွဲ့ / ကဏ္ဍ / အေဂျင်စီ အလိုက် လုပ်ဆောင်မှုများ
4. အခြားဆွေးနွေးမှုများ

## Attendance

Chair: Ei Ei Thein (MIMU)
Participants: PNTH, UNDP, PCM, WFP, MIMU, DRC-DDG, AN, SARA, VNG, CPI, Jhpiego, UNRCO, YFS, UNFPA, HAI, NRC, AMM, JOICFP, MSU, MEDG, UWS, LWF, UN Women, UNHCR, WF, ARC, AAR, AMDA, SPM, BS, PCF, SW, Malteser (40 participants from 33 organisations)

## 1. Impact of the twin crises on human welfare in Myanmar – *Presented by UNDP*

၂၀၁၇ ခုနှစ် တွင် 2017 Myanmar Living Conditions Survey ကို လုပ်ဆောင်ခဲ့ကာ ၎င်းမှ MLCS Poverty Profile ကို ရရှိထုတ်ပြန် နိုင်ခဲ့သည်။ ထို survey ကို follow up အနေဖြင့် ၂၀၂၀ နှောင်းပိုင်း တွင် Household Vulnerability Survey (HVS) ဟူ၍ Poverty အပေါ် COVID-19 ၏ သက်ရောက်မှု ကို သိနိုင်ရန် အချက်အလက် များ ကောက်ခံ ပြင်ဆင်နေချိန် မှာ ပင် ဖေဖော်ဝါရီ ၂၀၂၁ ဖြစ်စဉ်များ ဖြစ်လာသောကြောင့် အဆိုပါ ဖြစ်စဉ် ၏ သက်ရောက်မှု ကို ပါ ထည့်သွင်း၍ Compounding negative shocks and their impacts on Human Development in Myanmar, April 2021 အစီရင်ခံစာ ကို ထုတ်ပြန်ခဲ့သည်။ ဆက်လက်၍ ယခု ၂၀၂၁ ခုနှစ် မေ/ဇွန်လ များ တွင် People's Pulse တယ်လီဖုန်း survey ဖြင့် လွန်ခဲ့သော ၂ နှစ် အတွင်း လက်ရှိ အကျပ်အတည်း ၂ ခု ၏ သက်ရောက်မှု ကို တိုင်းတာကာ  ဟူသည့် အစီရင်ခံစာ ကို ထုတ်ခဲ့ခြင်း ဖြစ်သည်။

ယခင် survey ၂ခု မှ ရလဒ်များ ကို အကျဉ်းချုံးပြောကြားခဲ့သည်။ ၂၀၀၅ မှ ၂၀၁၇ အတွင်း ဆင်းရဲနွမ်းပါးမှု နှုန်း ၄၈.၂ % မှ ၂၄.၈ % အထိ ကျသွားသော်လည်း မဆင်းရဲသော်လည်း ထိခိုက်လွယ်သူ လူဦးရေ ရာခိုင်နှုန်း မှာ ၃၂.၉% ရှိနေသေးသည်။ ထို့နောက် HVS survey မှ COVID-19 နှင့် ဖေဖော်ဝါရီလ ဖြစ်စဉ်များ ၏ ဆင်းရဲမှု အပေါ် သက်ရောက်သော ရာခိုင်နှုန်း များ ကို baseline, lower bound နှင့် upper bound ဟု ခွဲ၍ ပြသခဲ့သည်။ shock များ ကို temporary နှင့် longer term ဟု မှန်းဆချက် ၂ မျိုးထား၍ တွက်ချက်ထားသည်။ ကပ် ၂ ခုလုံး ၏ စုပေါင်း သက်ရောက်မှု ကြောင့် အဆိုးဆုံး အခြေအနေတွင် နိုင်ငံလူဦးရေ ၏ တစ်ဝက် နီးပါး ဆင်းရဲနွမ်းပါး သည့် အခြေအနေ သို့ ကျရောက်သွား နိုင်သည်။ သတိပြုရမည် မှာ ဖေဖော်ဝါရီ နောက်ပိုင်း တွင် အချက်အလက်ရှိရန် ခက်ခဲသောကြောင့် မှန်းဆတွက်ချက်မှု များ ကို အားထားခဲ့ရသည်။ ထို့ကြောင့် လည်း ၂၀၂၁ လတ်တလော က People Pulse Survey ကို ကောက်၍ confirm လုပ်ခဲ့ခြင်း ဖြစ်သည်။

ဤ Impact of the twin crises on human welfare report သည် နောက်ဆုံး လုပ်ခဲ့သော survey မှ နောက်ဆုံး လုပ်ခဲ့သော poverty ကိန်းဂဏန်းများ ဖြစ်သည်။ methodology အနေဖြင့် အရေးကြီးသော မှန်းချက် လေးချက် အပေါ် အခြေခံထားသည်။ အဆိုပါ လေးချက် မှာ လယ်ယာ နှင့် လယ်ယာ မဟုတ်သောအခြား စီးပွါးရေး လုပ်ငန်းများ မှ ဝင်ငွေ ကျဆင်းခြင်း၊ လုပ်ခလစာရှိမှု ကျဆင်းခြင်း၊ ငွေလွှဲမှု / ထောက်ပံ့ကြေးများ ကျဆင်းခြင်း ဖြစ်သည်။ ပိုဆိုးသည် မှာ လက်ရှိ တွင် ဝင်ငွေ တစ်ကျပ် လျော့လျှင် တစ်ကျပ်ဖိုး လျှော့စားမှ ကာမိသော အခြေအနေ သို့ ကျရောက်သွားသည်။ အသေးစိတ် methodology ကို report ၏ annex တွင် လေ့လာနိုင်သည်။

ဤ ဖြစ်စဉ်များ ကို longer term shock ရေရှည် ဖြစ်မည် ဟု ယူဆ၍ poverty headcount ကို ယခင် survey ကို update လုပ်၍ တွက်ချက်ခဲ့သည်။ လယ်ယာ မဟုတ်သောအခြား စီးပွါးရေး လုပ်ငန်းများ မှ ဝင်ငွေ ကျဆင်းမှု ကြောင့် မြို့ပြ ဆင်းရဲမှုနှုန်း မှာ သုံးဆ ထိ တက်လာကြောင်း၊ ကလေး သူငယ်ဆင်းရဲ နွမ်းပါးမှု လည်း တက်လာနိုင်ပြီး ကလေးလူဦးရေ ၏ ထက်ဝက် ကျော်ကျော်ထိ သက်ရောက်နိုင်သည်။ ထို့အပြင် အမျိုးသမီး ဦးဆောင်သော အိမ်ထောင်စုများ ကို ပိုထိခိုက်ကြောင်း တွေ့ရသည်။ ပြည်နယ် နှင့် တိုင်း အလိုက် သက်ရောက်မှု များ ကိုလည်း ပြသခဲ့သည်။

Poverty depth / gap ပြောင်းလဲ လာမှု ကို လည်း ရှင်းလင်းပြသခဲ့သည်။ Poverty line (၂၀၁၇ တွင် တစ်နေ့လျှင် လူကြီးတစ်ယောက် အတွက် စားသုံးမှု၁၅၉၀ ကျပ်) နှင့် အမှန်တကယ် စားသုံးနိုင်မှု အကြား ကွာဟချက် ကို poverty gap ဟု ခေါ်သည်။ ၎င်း ဂဏန်း သည် ၂၀၁၇ တွင် ၅.၂% ထိ အနိမ့်ဆုံး ထိ ကျသွားခဲ့ပြီး ၂၀၂၂ တွင် ၁၈.၅% ထိ (၂၀၀၅ မှ ၁၄.၂% ထိ ပင် မြင့်သော အနေအထား) ရောက်သွားနိုင်ကြောင်း ခန့်မှန်း ထားသည်။ အဆိုပါ gap ကို အနည်းဆုံး ဖြည့်နိုင်ရန် နှစ်စဉ် ၃.၅ ဘီလီယံ ဒေါ်လာ (2019 GDP ၏ ၄.၅%) သုံးရန်လိုမည်။ ဆက်လက်၍ တိုင်းဒေသကြီး နှင့် ပြည်နယ် အလိုက် poverty gap ကို ဖြည့်ရန် လိုအပ်မည့် ပမာဏ များ ကို ပြသခဲ့သည်။

သက်ရောက်မှု များ အပေါ် တန်ပြန်သည့် အနေဖြင့် coping strategy အဖြစ် အစားအသောက် မဟုတ်သည့် nonfood items များ ကိုလျော့သုံးခြင်း၊ လျော့စားခြင်း အစရှိသည် တို့ကို လုပ်ဆောင်သည်။ မေးခွန်း များ မေး၍ coping strategies များ ကို တွေ့ရှိခဲ့သည်။

ဆင်းရဲမွဲတေမှု ၏ ရေရှည် သက်ရောက်မှု များ ကို ကဏ္ဍအလိုက် ရှင်းလင်းခဲ့သည်။ အာဟာရ ပိုင်း အနေဖြင့် အထူး သဖြင့် ကလေးများ တွင် ကြီးထွားနှုန်း ရပ်တန့်နေးကွေး သွားမှု အစရှိသည် တို့ ကြုံရသည်။ People Pulse survey မှ တွေ့ရှိချက် များ အရ micronutrients များ လုံလောက်စွာ မစားရခြင်း၊ စုံစုံလင်လင် ဖွယ်ဖွယ်ရာရာ မစားရခြင်း၊ တစ်နပ်လျော့ နှစ်နပ်လျော့ သည် အထိ လျှော့စားရခြင်း တို့ ဖြစ်လာသည်။

ပညာရေး ကဏ္ဍ တွင်လည်း အိမ်တွင် အားပေးထောက်ပံ့မှု လျော့ကျသွားခြင်း၊ စရိတ်များ မပေးနိုင်တော့ခြင်း၊ သက်သာစေရန် ကလေး ကို ကျောင်းထုတ်ရခြင်း၊ ဆင်းရဲ မွဲတေမှု ၁၀% ကျ တိုင်း မူလတန်း အောင်နှုန်း ၆.၄% ကျခြင်း စသော သက်ရောက်မှု များ ရှိသည်။

ကျန်းမာရေး ကဏ္ဍ တွင်လည်း coping strategy အနေဖြင့် သာမန် လက္ခဏာ နာစေးချောင်းဆိုး လောက်ဖြင့် ဆေးရုံဆေးခန်း မပြခြင်း များ ဖြစ်လာသည်။ ကလေး သူငယ် ဆိုင်ရာ ကျန်းမာရေး စောင့်ရှောက်မှု ကို သိသာစွာ ထိခိုက်စေသည်။ မီးဖွားစဉ် နှင့် မီးဖွားပြီး ကျန်းမာရေး စောင့်ရှောက်မှု၊ ကာကွယ်ဆေး ထိုးနှံ မှု စသည် တို့ လျော့ကျသွားသည်။ ကိန်းဂဏန်း များ အရလည်း နောက်ဆုံး ကောက်ခံချက် အရ ကျန်းမာရေး စောင့်ရှောက်မှု များ ရရှိရန်ခက်ခဲလာကြောင်း ပြောသူ ၆၀.၆ % ထိ များ လာသည်။

သတိပြု ရ မည်မှာ survey ကောက်စဉ် အချိန်သည် ရိုတ်သိမ်းချိန် မဟုတ်သောကြောင့် လယ်ယာကဏ္ဍ အပေါ် သက်ရောက်မှု ကို ထိရောက်စွာ မတိုင်းတာနိုင်ခဲ့ပေ။

**ကောက်ချက်များ**

ဤ အကျပ်အတည်း ၂ ခု သည် ဆင်းရဲမွဲတေမှု အပေါ် များစွာ သက်ရောက်စေသည်။ နိုင်ငံလူဦးရေ ထက်ဝက်နီးပါး ဆင်းရဲသွားကာ ၂၀၀၅ ခုနှစ် မှ အခြေအနေ များ သို့ ပြန်လည်ရောက်ရှိသွားမည်။ Poverty depth သည် လည်း ၂၀၀၅ မတိုင်မီ အချိန် ထိရောက်ရှိကာ ထို depth ထဲမှ ဆွဲတင်ရန် GDP ၏ ၄.၅% လိုမည်။ ကလေးသူငယ် ဆင်းရဲမှု လည်း တက်လာမည် ဖြစ်ပြီး ကလေးများ ၏ ထက်ဝက်ကျော် ထိခိုက်မည်။ မြို့ပြဆင်းရဲမှု လည်း ၃ ဆထိ မြင့်တက်လာမည်။ ကုစားမှု များ မလုပ်ပါက ၂၀၃၀ SDG ပန်းတိုင် အတွင်း အချိန်မှီ ပြန်ကောင်းအောင် လုပ်နိုင်မည် မဟုတ်ပေ။

## 2. Rapid assessment of COVID-19 impact on gender-based violence essential services package provision in Myanmar – *Presented by UNFPA*

UNFPA နှင့် UNDP တို့ ပူးပေါင်း၍ ပြုလုပ်သော ဤ ဆန်းစစ်လေ့လာမှု သည် မြန်မာနိုင်ငံ ရှိ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ခံရမှု မှ ဆက်လက်ရှင်သန်သူများ အတွက် အခြေခံဝန်ဆောင်မှု များ ဆောင်ရွက်နေမှု အပေါ် COVID-19 ရောဂါ နှင့် နိုင်ငံရေး အကျပ်အတည်း ၏ သက်ရောက်မှု ကို ဆန်းစစ်၍ ဝန်ဆောင်မှုများ ပိုမိုတိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ရန် ဖြစ်သည်။

Methodology ပိုင်း အနေဖြင့် အရေအတွက် စံပြု နှင့် အရည်အသွေး စံပြု နည်းစနစ် ကို ရောနှော အသုံးပြု သည့် အပြင် secondary date သုံးသပ်မှု များ လည်း ပါဝင်သည်။
အဓိက သုသေတန မေးခွန်းများ နှင့် မေးခွန်းလွှာ အကြောင်း ကို ရှင်းပြခဲ့သည်။ အချက်ကြီး ၃ ချက် ( ဝန်ဆောင်မှု များ ၏ အခြေအနေ၊ ဝန်ဆောင်မှု များ ပေးအပ်သည့် ပုံစံ၊ ကွာဟ စိန်ခေါ်မှု များ ) ကို အခြေခံ၍ (ကဏ္ဍတစ်ခုချင်းစီအတွက်) မေးခွန်းလွှာ သုံးစုံ ကို ပြုစု အသုံးပြုခဲ့သည်။

ကနဦး က ဝန်ဆောင်မှု ပေးသည့် ဌာန/အဖွဲ့အစည်း ၁၅၀ ကိုတွေ့ဆုံမေးမြန်းရန် စီစဉ်ထားသော်လည်း နောက်ဆုံး တွင် အခြေအနေ အရပ်ရပ် အရ UNDP နှင့် UNFPA တို့၏ မိတ်ဖက် ၄၁ ဖွဲ့ ကို သာ ဆက်သွယ် နိုင်ခဲ့ပြီး ထို အထဲ မှ ၃၅ ဖွဲ့ ကသာ သဘောတူခဲ့သည်။ ဒေသ များ အနေဖြင့် လည်း UNDP နှင့် UNFPA လုပ်ငန်း များ ရှိရာတွင် သာ ကောက်ခံနိုင်ခဲ့သည်။

အရည်အသွေး စံပြု အချက်အလက်များ အား ၂၀၂၀ နိုဝင်ဘာလ တွင် စုဆောင်းခဲ့ပြီး အရေအတွက် စံပြု အချက်အလက်များ အား ၂၀၂၁ ဧပြီ ၂၀ ရက် မှ ၂၀၂၁ ဇွန် ၁၀ ရက် ကြား စုဆောင်းခဲ့သည်။

ကျင့်ဝတ် နှင့် ဘေးကင်းလုံခြုံရေး အတွက် WHO ၏ အကြံပြုချက် များ အတိုင်း ဆက်လက်ရှင်သန်သူ များ ထက် ဝန်ဆောင်မှု ပေးသူများ ကို အဓိက ထား မေးမြန်းခဲ့သည်။

ကန့်သတ်ချက် များ အနေ ဖြင့် လုံခြုံရေး စိုးရိမ်မှု များ၊ မိတ်ဖက်များ ၏ ဦးစားပေး ကိစ္စများ ပြောင်းသွားခြင်း၊ ပို့ဆောင်ထောက်ပံ့မှု အခက်အခဲ များ အဖြစ် လူကိုယ်တိုင် မေးမြန်းရန် မဖြစ်နိုင်ခြင်း၊ ဖုန်း နှင့် အင်တာနက် အခက်အခဲများ၊ စာရင်းကောက် များ ခန့်ရန် ခက်ခဲခြင်း အစရှိသည် တို့ ရှိသည်။

**အဓိက တွေ့ရှိမှုများ**

**လူမှုရေး ဝန်ဆောင်မှု များ အပေါ် သက်ရောက်မှု**

ပါဝင်သော အစိတ်အပိုင်း ၁၂ ခု ထဲမှ ၁၁ ခု ကို သုံးသပ်ခဲ့သည်။ ဝန်ဆောင်မှု ပေးခြင်း နှင့် ရရှိမှု အနေဖြင့် ထိခိုက်သော နေရာ နည်းသော်လည်း ဖွင့်ချိန်ပိတ်ချိန် ဖွင့်ရက်ပိတ်ရက် များ ပြောင်းသွားခြင်း များ တော့ရှိသည်။ ဝန်ဆောင်မှု အရည်အသွေး အပေါ် သက်ရောက်မှု မှာ အဆိုးအကောင်း ရောနေသည်။ အစားအစာ နှင့် အခြား အရေးကြီး ပစ္စည်းများ၊ ကျန်းမာရေး ပစ္စည်းများ၊ dignity kits များ ပစ္စည်းပြတ်သွား သော်လည်း ဝန်ထမ်း များ အရည်အတွက်လည်း ကာလမ်းညွှန်ချက် protocols များ ကို လိုက်နာမှု လည်း ရှိသည်။ ကူညီပေးခံခဲ့ ရသူ အရေအတွက် မှာ ၂၀၁၉ နှင့် စာလျှင် ၂၀၂၀ တွင် တိုးလာသော်လည်း ၂၀၂၁ ဖေဖော်ဝါရီလ နောက်ပိုင်း တွင် ကျသွားသည်။ သို့သော် help line ဖြင့် ဆက်သွယ်မှု များ ဖေဖော်ဝါရီ နောက်ပိုင်း တွင် တက်လာသည်။

**လူမှုရေး ဝန်ဆောင်မှု ပေးခြင်း အပေါ် သက်ရောက်မှု**

ပစ္စည်းပြတ်သွားခြင်းများ၊ ဝန်ထမ်း အရေအတွက် လျော့ကျမှု မရှိခြင်း၊ protocols များ ရှိခြင်း တို့ကို ကိန်းဂဏန်း၊ ရာခိုင်နှုန်း များ ဖြင့် ပြသခဲ့သည်။

**လွှဲပြောင်းပေးမှုများ**

Help line များ ၏ ထက်ဝက် သည် လွှဲပေးခဲ့ကြောင်း မှတ်တမ်း တင်ထား ပြီး ဝန်ဆောင်မှု ပေးသော နေရာ များ ကလည်း လွှဲပြောင်းမှု များ ကို မှတ်တမ်း တင်ထားသည်။ တော်တော် များ များ သည် ကျန်းမာရေး နှင့် ဥပဒေ ပိုင်း သို့ လွှဲပေးမှု များ ဖြစ်သည်။ နေရာ အများစု က case များ ကို ရဲသို့ အမြဲ သတင်းပို့ကြောင်းပြောသည်။ ဤနေရာ တွင် မသေချာ သည် မှာ ထိုသို့ သတင်းပေး မှု သည် ရှင်သန်သူများ ၏ ဆန္ဒ ပါမပါ မသိပေ။ သို့သော် ဤသို့ဖြေသော အဖွဲ့ ၄ ဖွဲ့ သာရှိ၍ အဓိပ္ပာယ် ရှိမရှိ မသေချာပါ။

**ကျန်းမာရေး ဝန်ဆောင်မှု များ အပေါ် သက်ရောက်မှု**

လူမှုရေး ဝန်ဆောင်မှု နှင့် အလားတူ ပင် ပစ္စည်း ပြတ်ခြင်း၊ လွှဲပေးမှု အခက်အခဲများ၊ ဖွင့်ပိတ်ချိန် များ ပြောင်းလဲမှု များ ရှိသည်။ မည်သို့ပင် ဖြစ်စေ နေရာ အားလုံး က ဝန်ဆောင်မှု များ ဆက်လက်ပေးနိုင် ခဲ့သည်။ ဝန်ထမ်း လျော့ကျခြင်း လည်း မရှိပါ။ ကူညီပေးခံခဲ့ ရသူ အရေအတွက် မှာ ၂၀၁၉ နှင့် စာလျှင် ၂၀၂၀ တွင် တိုးလာသော်လည်း ၂၀၂၁ ဖေဖော်ဝါရီလ နောက်ပိုင်း အတွက် အတက်အကျ မသေချာပါ။

**ဥပဒေရေးရာ ဝန်ဆောင်မှု များ အပေါ် သက်ရောက်မှု**

အထက်ပါ နှစ်ခု ကဲ့သို့ ပင် COVID ကာလ အတွင်း ဝန်ဆောင်မှု များ ပေးနိုင်ခဲ့သော် လည်း ဖေဖော်ဝါရီ ၂၀၂၁ နောက်ပိုင်း တွင် ၃ ခု ထဲမှ အထိခိုက်ဆုံး ကဏ္ဍ ဖြစ်သွားသည်။ ရရှိနိုင်မှု နှင့် အရည်အသွေး တို့ သိသိသာသာ ကျသွားသည်။ ဝန်ထမ်း တော့ ကျဆင်းခြင်း မရှိပေ။

**လူမှုရေး ဝန်ဆောင်မှု များ ကို ပေးရန် နှင့် ရယူရန် စိန်ခေါ်မှု များ**

ခရီးသွားမှု နှင့် ရွှေ့လျားမှု ကန့်သတ်ချက် များ သည် ဝန်ဆောင်မှု ၃ ခု လုံး ကို ထိခိုက်စေသည်။ ရှင်သန်သူ များ သည် အခြားအရပ်ဒေသ မှ အကူအညီပေးနေသော နေရာ များ သို့ မသွားနိုင်ခြင်း၊ ခရီးသွား ခွင့်ပြုချက် များ လိုခြင်း၊ mobile ဖုန်း များ အင်တာနက် များ မရခြင်း၊ လူစု လူဝေး နှင့် ခရီး သွား ကန့်သတ်မှု ကြောင့် အမျိုးသမီး နှင့် မိန်းကလေးငယ် စင်တာ များ ပိတ်လိုက်ရခြင်း၊ ညမထွက်ရ အမိန့်၊ အိပ်ထဲ တွင်နေရန် အမိန့်များ၊ ဟိုတယ်များ ပိတ်ခြင်း၊ Q စင်တာ များ ကိုယ်တိုင် က မလုံခြုံခြင်း၊ ငွေရေးကြေးရေး မတတ်နိုင်မှု စသည့် အခက်အခဲ များ ရှိသည်။

### ဥပဒေရေးရာ ဝန်ဆောင်မှု များ ကို ပေးရန် နှင့် ရယူရန် စိန်ခေါ်မှု များ

ရဲ များ သည် ညမထွက်ရ အမိန့် နှင့် အခြား အရေးပေါ် ကိစ္စ များ ကို ဖြေရှင်းရန် ဦးစားပေးနေသောကြောင့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ခံရမှု များ ကို အမှု မဖွင့်မှု များ ရှိသည်။ အစိုးရ ၏ အားပေးမှု အားနည်း သောကြောင့် နိုင်ငံရေး ဆိုင်ရာ ထိလွယ်ရှလွယ် အခြေအနေ များ တွင် တရားမျှတမှု ရ ရန် ခက်ခဲသည်။ တရားရုံး များ ပိတ်ခြင်း ကြောင့် လုပ်ရသည် မှာ နှောင့်နှေးသည်။ အဆိုပါ အချက် များ ပေါင်းလိုက်သော အခါ ရှင်သန်သူ များ ကို တိုင်ကြားလိုစိတ် မရှိတော့ သည် အထိ စိတ်ဓာတ်ကျစေသည်။

### ကျန်းမာရေး ဝန်ဆောင်မှု များ ကို ပေးရန် နှင့် ရယူရန် စိန်ခေါ်မှု များ

ရွှေ့လျား ကျန်းမာရေး စောင့်ရှောက်မှု ခက်ခဲ သွားသည်။ ကျန်းမာရေး ဝန်ဆောင်မှု တော်တော် များများ သည် ရုံးချိန် အတွင်း သာ လုပ်သောကြောင့် အခြားအချိန် များ တွင် လာရန် ခက်ခဲသည်။ ကိုယ်ရေး အချက်အလက် လုံခြုံရေး အတွက် အခက်အခဲ များ လည်းရှိသည်။ ပဋိပက္ခ ဖြစ်ပွါးရာ နေရာ များ မှ ဝန်ထမ်း များ ၏ ဘေးကင်းရေး မှာ လည်း စိုးရိမ်စရာ ဖြစ်သည်။ ရပ်ရွာ အတွင်း ၌ လည်း လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ခံရမှု ဗဟုသုတ အားနည်းကြသည်။

### အနှစ်ချုပ်

သက်ရောက်မှု များ ရှိသော် လည်း ဝန်ဆောင်မှု များ ကို ပေးနိုင် ခဲ့သည်။ အဝေး မှ ဝန်ဆောင်မှု ပေး ရန် အခက်အခဲ များ ရှိသည်။ ၂၀၁၉ နှင့် ယှဉ်လျှင် ၂၀၂၀ တွင် အကူအညီ ပေးခံ ရသူ အရေအတွက် အပြောင်း အလဲ များ ရှိသလို ၂၀၂၁ ဇန်နဝါရီ နှင့် ယှဉ်လျှင် လည်း ၂၀၂၁ ဖေဖော်ဝါရီ နောက်ပိုင်း ပြောင်းလဲ မှု များ ရှိသည်။ နေရာ အားလုံး တွင် ပစ္စည်း ပြတ်မှု များ ကြုံခဲ့ရသည်။ လွှဲပေးနိုင်မှု သည် အခြေအနေ ပေါ် မူတည်သည်။

### အကြံပြုချက်များ

ဝန်ဆောင်မှု များ ကို တိုးချဲ့ ရန် နှင့် ပေါင်းစည်း ရန်၊ ဝန်ထမ်း များ ကို သေချာ လေ့ကျင့်ပေးကာ စနစ်တစ်ခု ဖြစ်လာရန်၊ လက်ရှိအခြေအနေ နှင့် လိုက်၍ ဝန်ဆောင်မှု များပေးနိုင် ရန် လုံလောက်သော အခြေခံ အဆောက်အအုံ များ ဖန်တီးရန်၊ ဆန်းသစ်သော နည်းလမ်းများ ဖြင့် ဝန်ဆောင်မှု ပေးနိုင်ရန်၊ အချိန်ဆိုင်း ဖြင့် hot line လုပ်ရန် / referral လွှဲပေးရန် စာတမ်းမှ အကြံပြုခဲ့သည်။

သုတေသန ပိုင်း အနေဖြင့် ဆက်လက်၍ ဆန်းစစ်ရန်၊ နိုင်ငံရေး အခြေအနေ ပေါ် အခြေပြုသော လေ့လာ မှု ပြုလုပ်ရန်၊ အရေအတွက် အခြေပြု လေ့လာခြင်း ကို ပုံမှန် လုပ်၍ ပြောင်းလဲ မှု များ ကို စောင့်ကြည့် ရန် အကြံပေးသည်။

## 3. အစုအဖွဲ့ / ကဏ္ဍ / အေဂျင်စီ အလိုက် လုပ်ဆောင်မှုများ

**PNTH ပညာသာလ**။ နိုဝင်ဘာ ၂၇ မှ စ၍ ဒီဇင်ဘာ ၁၉ ရက်နေ့ အထိ ဒုတိယ အသုတ် Office Administrative Management training ကို ပေးမည် ဖြစ်သည်။ Local NGO များ ကို အဓိက ထား၍ capacity building လုပ်ရန် ရည်ရွယ်သည်။

UN Women။ နိုဝင်ဘာ လ ကုန်တွင် တစ်ရက်ကြာ Gender in Humanitarian Action (GiHA) Training ကို မိတ်ဖက် အေဂျင်စီ များ ကို ပေးရန်ရှိသည်။ Basic Gender နှင့် Gender mainstreaming ဆိုင်ရာ training များ ကို လည်း ပေးရန် တောင်းဆိုနိုင်ပါသည်။

Food security cluster / sector ။ တတိယ ၃ လပတ် အတွက် 5W အချက်အလက် များ ကောက်ခံခဲ့ပြီး လက်ရှိတွင် analysis လုပ်နေသည်။ IM products များ အနေဖြင့် Partner Presence Map နှင့် Monthly response, Power BI interactive Response Dashboard များ ကို [Food security cluster website](#) တွင် တင်ထားပေးသည်။

MIMU။ MIMU 3W မြေပုံ များ ထွက်နေပြီး ဆက်လက်၍ Overview report နှင့် Comparison Analysis ထွက်ပါမည်။ ယခု round တွင် ၁၆၃ ဖွဲ့မှ အချက်အလက် များပေးသော်ကြောင့် ယခင် round နှင့် ယှဉ်လျှင် ၄-၅ ဖွဲ့ခန့် တိုးလာသည်။ ပြည်တွင်း NGO များ ထံမှ အဓိက တိုးလာခြင်း ဖြစ်သည်။ ဒီဇင်ဘာ ၁၇ မတိုင်ခင် 3W report များ အားလုံး ထွက်ပါမည်။ နောက် အစည်းအဝေး တွင် 3W ပြောင်းလဲမှု များ ကို တင်ပြပါမည်။ အကျဉ်းချုံး ပြော ရလျှင် အဖွဲ့အစည်း အရေအတွက် တိုးလာသော လည်း စီမံကိန်း အရေအတွက် ကျသွားသည် ကို တွေ့ရသည်။ ကျန်းမာရေး ကဏ္ဍ သည် စီမံကိန်း အများဆုံး ဖြစ်သော်လည်း အရေအတွက် ကျသည်။ ရခိုင်၊ ကချင်နှင့် ရှမ်း အပြင် အခြားသော ပြည်နယ်နှင့် တိုင်းများအတွက် Project focus အချက်အလက် များ လည်း ထပ်မံ ကောက်ခံ ခဲ့သည်။

## 5. အခြားဆွေးနွေးမှုများ

ဒီဇင်ဘာ တွင် အစည်းအဝေး တစ်လ နား၍ ၂၀၂၂ ဇန်နဝါရီ တွင် ပြန်လုပ်ပါမည်။

### Action Points

| No. | Action Point | Responsible | Deadline |
|---|---|---|---|
| 1 | Myanmar Languages IM Network အဖွဲ့ဝင် များ ကို Gender training ပေးရန် | MIMU, UN Women | |
| 2 | အစည်းအဝေး Invitation ကို calendar email အနေဖြင့် ပို့ရန် | MIMU | |